## လျှပ်စစ်သုံးယာဉ် Battery Electric Vehicles (BEVs) များအား ကနဦးမှတ်ပုံတင်ဆောင်ရွက်ရန် အသိပေးကြေညာချက်

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လျှပ်စစ်သုံးယာဉ် Battery Electric Vehicles (BEVs) များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- လျှပ်စစ်သုံးယာဉ် (BEVs)များ ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာတွင် ယခင်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ညှိနှိုင်းချက်အရ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ ကျင့်သုံးဆောင်ရွက် လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသော မော်တော်ယာဉ်များကိုသာ ရန်ကုန်လိုင်စင်ထုတ်ပေးရန် ညွှန်ကြားချက်အတိုင်း ဆက်လက် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် မှတ်ပုံတင် ဆောင်ရွက်လိုသော လျှပ်စစ်သုံးယာဉ်များအတွက် ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အို ယာဉ်ဟောင်းအပ်နှံစလစ် (ပုံစံ– ဃ) လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**